မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကျင်းပနိုင်ရေးဆောင်ရွက်

ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၁

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ဤသို့ကျင်းပနိုင်ရန် ဗဟိုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများအနေဖြင့် ယခုအစည်းအဝေးတွင် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၅ ✳

အမှာစကား ပြောကြား

၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဘယ်သူတွေဗိုလ်စွဲမလဲ — စာ-၇

တစ်ပတ်အတွင်း ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဖုလ်ဟမ်ကွင်းလယ်ကစားသမား ဒမ်ပဆေးအား ရွေးချယ် — စာ-၇

ကားအို၊ ကားဟောင်း ဈေးကွက် 'ဏ' အမြင့်ဆုံးဈေးရ — စာ-၈

နယ်စပ်စစ်ဆေးရေး ကြားခံဂိတ်အချို့ ဖျက်သိမ်း — စာ-၈

ကင်ဆာရောဂါနှင့် ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်သည့် ဘရိုကိုလီပင်များ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ စိုက်ပျိုးအောင်မြင်

နေပြည်တော် ဇန်နဝါရီ ၁၁

ဘရိုကိုလီဟု လူအများသိကြသည်။ အမှန်တော့ ပန်းဂေါ်ဖီစိမ်း**(ယာပုံ)**ဖြစ်သည်။ ဂေါ်ဖီပန်းဝါများကို ဈေးကွက်တွင် ယခုအခါ လှိုင်လှိုင်တွေ့နေရသည်။ ပန်းဂေါ်ဖီစိမ်းကိုမူ ဈေးကွက်တိုင်းတွင် မတွေ့ရ။ စားသုံးသူနည်း၍လား၊ သို့မဟုတ် လူသိနည်းသေး၍လား မသိ။

တကယ်တော့ ဘရိုကိုလီ(ခေါ်)ပန်းဂေါ်ဖီစိမ်းသည် အလွန်ဆေးဖက်ဝင်သော သီးနှံတစ်မျိုးဖြစ်သည်။ ကင်ဆာရောဂါကို အထူးကာကွယ်နိုင်သည့်အပြင် ဆီးချိုသွေးချိုရောဂါကိုလည်း ကာကွယ်နိုင်ကြောင်း သိရသည်။ အပင်တစ်ပင်လုံးမှာ အစိမ်းရောင်ချည်းဖြစ်သည်။

ယခုအခါ အဆိုပါ ဘရိုကိုလီပင်(Broccoli)များကို တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာတွင် အောင်မြင်စွာစိုက်ပျိုးလျက်ရှိနေပြီ။

ဆေးဖက်ဝင် ဘရိုကိုလီပင်များ စီးပွားဖြစ် စိုက်ပျိုးနေသည်ကို ကြားသိရသဖြင့် မကြာသေးမီက နွယ်ရစ်ကျေးရွာရှိ စိုက်ခင်းများဆီသို့ စာရေးသူရောက်သွားခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

သတင်းမှတ်စုနှင့်ဓာတ်ပုံ – ကိုလင်း



12-1 (01).pmd 1 1/12/2012, 2:49 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်)

ငွေစက္ကူများ ရိုသေစွာကိုင်တွယ်ခြင်းဖြင့် တန်ဖိုးထားစေချင်

လွန်ခဲ့သည့်နှစ် နှစ်လယ်ပိုင်းလောက်မှစပြီး နိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူအဟောင်းများကို အသစ်များဖြင့် လဲလှယ်ပေးခဲ့ရာ ယခုအခါ ငွေစက္ကူအစုတ်အပြဲများ မရှိသလောက်နည်းပါးသွားပြီဖြစ်သည်။

ငွေစက္ကူအသစ်များကို အစိုးရဘဏ်များတွင် ငွေစက္ကူအဟောင်းများဖြင့် လဲလှယ်ပေးခြင်းဖြင့်လည်းကောင်း၊ အစိုးရဝန်ထမ်းများ၏ လစာပေးရာတွင် ငွေစက္ကူအသစ်များ ထည့်ပေးခြင်းဖြင့်လည်းကောင်း ပြည်သူများထံ ပျံ့နှံ့ရောက်ရှိလာခဲ့ပေသည်။

ငွေစက္ကူအဟောင်းနှင့်အသစ်လဲလှယ်ရာတွင် အများအားဖြင့် ကျပ် ၅၀၊ ကျပ် ၁၀၀ နှင့် ကျပ် ၂၀၀ တန်က အများဆုံးဖြစ်သည်။ သို့သော်လည်း အခြားကျပ် ၅၀၀ နှင့် ကျပ် ၁၀၀၀ တန် စသည်တို့ကိုလည်း စုတ်ပြဲနေပါက ဘဏ်များတွင် တန်ဖိုးတူလဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

ငွေစက္ကူအဟောင်းများကို ငွေစက္ကူအသစ်များနှင့် အစားထိုးလဲလှယ်ပေးနေသော်လည်း ရိုသေစွာကိုင်တွယ်အသုံးပြုမှု အားနည်းနေခြင်းကြောင့် ငွေစက္ကူများ အချိန်မတန်မီ ဟောင်းနွမ်းစုတ်ပြဲလျက်ရှိသည်။ အထူးသဖြင့် ငွေစက္ကူများကို တွန့်ကြေအောင်ခေါက်၍ ဆုပ်ကိုင်ခြင်း၊ ခါးပုံကြား၊ ရင်ဘတ်ကြားတွင် ထိုးသိပ်သိမ်းဆည်းခြင်းတို့ကြောင့် ငွေစက္ကူအသစ်များ ချွေးများဖြင့်လုံးပြီး ရှိရွဲစုတ်ပြဲကြသည်ကို သတိမူအပ်ပေသည်။

ငွေစက္ကူများသည် မိမိထံတွင် အချိန်ကြာမြင့်စွာ ရှိနေတတ်သည်မဟုတ်ဘဲ သုံးစွဲနေသည်နှင့်အမျှ ထိုငွေစက္ကူများသည် တစ်ပါးသူထံမှတစ်ဆင့် မိမိထံ တစ်ပတ်ပြန်လည်ရောက်ရှိလာတတ်သည်။ အဟောင်းဆိုလျှင်၊ ညစ်နွမ်းနေလျှင် မိမိသည်လည်း ကိုင်တွယ်အသုံးပြုချင်မည် မဟုတ်ချေ။ ငွေစက္ကူသစ်လွင်နေပါက သုံးစွဲခြင်းထက် စုဆောင်းချင်သည့်ဆန္ဒပင်ဖြစ်ပေါ်တတ်ရာ မိမိအတွက် ကောင်းသောအလေ့အကျင့်တစ်ခုကိုပင် ရရှိနိုင်ပေသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအများစုတွင် သုံးစွဲလျက်ရှိသောငွေစက္ကူများကို ရိုသေစွာကိုင်တွယ်သုံးစွဲကြသည်။ နိုင်ငံတကာငွေကြေးစက္ကူအများစုမှာ တွန့်ကြေစုတ်ပြဲမှုနည်းပါးလျက်ရှိသည်ကို သတိမူထိုက်ပေသည်။ နိုင်ငံခြားတိုင်းပြည်များတွင် ယင်းတို့၏ငွေကြေးများကို တန်ဖိုးထားပြီး ရိုသေစွာကိုင်တွယ်သုံးစွဲကြသည်။ ငွေစက္ကူများကို တန်ဖိုးနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စုတ်ပြဲညစ်နွမ်းအောင် ကိုင်တွယ်ခြင်း မပြုသင့်ပေ။

ငွေစက္ကူများကို ကိုင်တွယ်အသုံးပြုကြရာတွင် ငွေစက္ကူများအား မခေါက်မချိုးဘဲ ပတ္တာအိတ်များအတွင်း ထည့်စေလျက် အသုံးပြုသင့်သည်။ သို့သော် အများစုမှာ ငွေစက္ကူများကို အင်္ကျီအိတ်ကပ်များနှင့် လက်ကိုင်အိတ်များအတွင်း ခေါက်၍ထည့်နေကြသည်။ ခေါက်၍ထည့်ခြင်းကြောင့် ရေရှည်တွင် ခေါက်ရိုးကျိုးပြီး ငွေစက္ကူများ စုတ်ပြဲကြရသည်။ ငွေစက္ကူများကို မည်သည့်အကြောင်းကြောင့်မဆို စုတ်ပြဲစေခြင်းကား မဖြစ်သင့်ပါ။

သို့ဖြစ်ရာ ငွေကြေးသုံးစွဲသူများသည် ငွေစက္ကူများ ကိုင်တွယ်အသုံးပြုရာတွင် စုတ်ပြဲညစ်နွမ်းမှု နည်းနိုင်သမျှ နည်းပါးအောင် ရိုသေစွာ ကိုင်တွယ်ခြင်းဖြင့် တန်ဖိုးထားအသုံးပြုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ရွှေပြည်သာမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေပြည်သာမြို့နယ် (၅/၈)ရပ်ကွက် စွယ်တော်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အောင်နှင့် စွယ်တော်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဥက္ကဋ္ဌဦးလှထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် အမှတ်(၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲကျင်းပပြီး ဆုရရှိသူကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေးနှင့် အသက် ၇၀ နှင့်အထက် စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၈ ရက်က အမှတ်(၇) ဦးအောင်မြတ်လမ်း(ကန်တော်ကြီး ကန်ပတ်လမ်း)ရှိ အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိ တက္ကသိုလ်စိုးယဉ်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သန်႔) က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမင်းလွင်(မောင်လှလွန်း) က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းဖတ်ကြားပြီး တက်ရောက်လာသူများက အတည်ပြုခဲ့ကြသည်။ထို့နောက် YMBA အသင်းချုပ်ဥက္ကဋ္ဌ ဦးတင်ဝင်း(မဟာမင်္ဂလ ဓမ္မဇောတိကဓဇ) က မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ) အား မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဆရာတက္ကသိုလ်စိုးယဉ်က ထပ်ဆင့် ဂုဏ်ပြုဆုကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံခြင်း၊ ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်ခြင်း၊ ပျော်ရွှင်ဖွယ်ကံစမ်းမဲ အစီအစဉ်ကျင်းပခြင်းနှင့် သက်ကြီးစာပေပညာရှင် ၂၈ ဦးအား ငွေနှင့်ပစ္စည်းပူဇော်ကန်တော့ခြင်းတို့ကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

ရွှေဘို-စံပါယ်နုံ့သာလမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားလမ်း (ရွှေဘို-စံပါယ်နုံ့သာလမ်းအပိုင်း)အား အဖွဲ့သုံးဖွဲ့ဖြစ်သည့် ရွှေဘိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၁)တို့ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မိုင်တိုင်အမှတ်(၁၇/၁)နှင့် (၁၇/၂)ကြား၌ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က လမ်းကြိတ်စက်ဖြင့် လမ်းခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ်(၁၈/၂)နှင့် (၁၈/၃)ကြား၌ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၈/၇)နှင့် (၁၉/၀)ကြား လမ်းဘေးဝဲယာ၌ မြေတူးကော်တင်စက်ဖြင့် ရေနုတ်မြောင်းများ တူးဖော်ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အထူးစီမံကိန်းကြီးအဖွဲ့(၁)၏ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကျောက်ခင်းပြီး ကတ္တရာဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကတ္တရာများကို အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုရန်၊ ကတ္တရာခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းခင်းရာတွင်အသုံးပြုသည့် ကျောက်အရွယ်အစားနှင့် အမျိုးအစားမှန်ကန်စေရန်၊ လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများဖောက်လုပ်ပေးရန်နှင့် ရေစီးဆင်းမှုကောင်းမွန်စေရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အခမ်းအနား ဗန်းမော်မြို့၌ ကျင်းပ

ဗန်းမော် ဇန်နဝါရီ ၁၁

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူးဦးတေဇာအောင်က ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆွေးနွေး

ကန့်ဘလူ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအုပ်စု မြေထူးကျေးရွာအုပ်ချုပ်ရေးရုံး တောင်ဘက်ကွင်းပြင်တွင် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဝင်များဖြစ်ကြသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာဦးမြင့်မောင်၊ စက်မှုလယ်ယာဦးစီးဌာနဦးစီးအရာရှိဦးသန်းဇော်ဦး၊ ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာဦးတင့်ဆွေ၊ ဆည်မြောင်းဌာနဦးစီးအရာရှိ ဦးရဲမြင့်၊ မြေစာရင်းဌာနဒုတိယဦးစီးမှူး ဦးမြင့်သိန်းထွန်းတို့ပါဝင်သောအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ကွင်းဆင်းဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသော ကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပမည့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်သည်။

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ဘီအီးဒီပညာရေးဖောင်ဒေးရှင်း ပညာသင်ဆုပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ဉာဏ်ရည်မြင့်မားသော်လည်း ပညာဆက်လက်သင်ကြားရန်အခက်အခဲရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီမျိုးဆက်သစ် ကျောင်းသား ကျောင်းသူ ၃၀ အား ဘွဲ့ရရှိသည်အထိ ပညာသင်ဆုချီးမြှင့်ပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဦးပြည်သိမ်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးအေးကြိုင်တို့က အမှာစကားများပြောကြားကြပြီး ပညာသင်ဆုရကျောင်းသား ကျောင်းသူများအား ဒုတိယပါမောက္ခချုပ် ဦးပြည်သိမ်း **(အောက်ပုံ)**က ဆုများချီးမြှင့်ပေးအပ်သည်။

ဘီအီးဒီစနစ်သစ် (၁၉၆၈ မှ ၁၉၈၀ ပြည့်နှစ်ထိ) ပညာရေးဘွဲ့ရများ ဖွဲ့စည်းထားသည့် ဘီအီးဒီပညာရေးဖောင်ဒေးရှင်းသည် နှစ်စဉ်မျိုးဆက်သစ် ဘီအီးဒီ ၃၀အား ဘွဲ့ရသည်အထိ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီ လစဉ်ချီးမြှင့်သွားမည်ဖြစ်ပြီး အောက်မြန်မာနိုင်ငံ ဘီအီးဒီဘွဲ့ရများထည့်ဝင်ငွေကျပ်သိန်း ၂၀၀ကို ကမ္ဘောဇဘဏ်၌ စာရင်းဖွင့် အပ်နှံထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(ဘီအီးဒီပညာရေးဖောင်ဒေးရှင်း)**

စစ်ရေးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်(ကြည်း၊ရေ၊လေ) အငြိမ်းစားအရာရှိ၊ စစ်သည်၊ အရပ်သူ အရပ်သားဝန်ထမ်းမိသားစုများက ကွယ်လွန်သူများအားရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးသန်းလှ လက်ခံယူစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့် ကြည်းတပ်စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ထိုင်းဘုရင့် ကြည်းတပ် ရဟတ်ယာဉ်များဖြင့် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ် (Chulachomklao Royal Military Academy-CRMA) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ်သို့ ရောက်ရှိလာရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး Lt-General Danai Meechowevt နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ရာမဘုရင်(၅) King Chulachomklao ရုပ်တုတွင် အထိမ်းအမှတ်ပန်းခွေချသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးက စစ်တက္ကသိုလ်ပြတိုက်ရှိခန်းမ၌ စစ်တက္ကသိုလ်၏သမိုင်းကြောင်းနှင့်သင်ကြားရေးဆိုင်ရာများကို Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး Lt-General Danai Meechowevt တို့သည် အထိမ်းအမှတ်လက်ဆောင် ပစ္စည်းများကို အပြန်အလှန်လဲလှယ်ကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်ပြတိုက်နှင့် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလေးပြုခြင်းခံယူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ထိုင်းဘုရင့် ကြည်းတပ်စစ်တက္ကသိုလ် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ၊ သားဖွားသင်တန်းကျောင်း၊ ကျောက်တန်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်တန်းမြို့နယ် မြိုင်သာယာ ကျေးလက်ကျန်းမာရေးဌာနနှင့် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးလက် ကျန်းမာရေးဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဓာတ်ပုံ)**

ယင်းသို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် ရည်ရွယ်ချက် လုပ်ငန်းစဉ်မှန်ကန်၍ အချိန်အခါ နေရာဒေသနှင့်ကိုက်ညီမှုရှိကြရမည်ဖြစ်ကြောင်း၊ စရိတ်မျှပေး ကျန်းမာရေး စနစ်ကျင့်သုံးမှုတွင် နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံမှုကျခံရသည့် ဆေးရုံ၊ ဆေးခန်း၊ ခန့်ထားပေးသည့် ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းလစာ၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းပစ္စည်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းစရိတ်များကို ပြည်သူများနားလည် သဘောပေါက်ပြီး လူနာများက ဆေးရုံမှ မထောက်ပံ့နိုင်သော ဆေးဝါးနှင့်ရောဂါရှာဖွေမှုအတွက် ကျသင့်သည့်စရိတ် ကုန်ကျခံရသည်ကို နားလည်သိရှိစေရန် ကျန်းမာရေးဝန်ထမ်းတိုင်းက ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်း ပိုမိုကျဆင်းရေးအတွက် ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းများနှင့် မွေးဖွားကြစေရန်နှင့် မွေးကင်းစကလေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆရာဝန်၊ သူနာပြုတိုင်း ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်လေ့ကျင့်သင်ကြားပေးထားကြရမည်ဖြစ်ကြောင်း၊ ကျေးလက် ကျန်းမာရေးဌာနအနေဖြင့် အရန်သားဖွားဆရာမများ ဖြည့်ဆည်းလေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အသက်အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်မိခင်များအား နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မီလွှဲပြောင်း ပို့ဆောင်နိုင်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မွန်ပြည်နယ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆုများနှင့် စာစီစာကုံး၊ ကဗျာ၊ ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးထွန်းလှိုင်က **Myanmar ICT Awards 2011 Educational Project** (မူလတန်းအဆင့်) ဗဟိုအထူးဆုရ မောင်ရှင်းသန့်ကျော် **(Grade-5)** အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အား အစ္စရေးသံအမတ်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr. Yaron Mayer သည် ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် Solar စနစ်ဖြင့် ကျေးရွာများမီးလင်းရေး၊ စိုက်ပျိုးရေးနည်းပညာ (Agro-tech) နှင့် စပ်လျဉ်း၍ ချောင်းဦးမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့ကို ရွေးချယ်ကာ တူးမြောင်းစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြကြောင်းနှင့်တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးယုလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် အမှတ် (၁၅)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၉ ရက်က အဆိုပါကျောင်း ရန်ကြီးအောင်ခန်းမ၌ ကျင်းပရာ စတုတ္ထတန်း မြို့နယ်အဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုနှင့် ကျောင်းအဆင့် တတိယတန်းတွင် ထူးချွန် ပထမဆုရရှိသော ကျောင်းသူ မရတီဇော်လင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၁၇)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ နမော-နမော (သန်းမြတ်စိုးနှင့်အဖွဲ့ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၅ ၉။ **နင်းကြည့်စမ်းပါ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄:၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅:၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၀ ၈။ **သုံးပင်နှစ်ဆယ်**
- ၅:၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **နှလုံးသားမှချစ်ပန်းချီ** (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၄)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၄)

ဖတ်ကြား

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ပြည်သူ့ပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့် ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

ရှေးဟောင်းစေတီတော်များအား ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ယဉ်ကျေးမှု ဘာသာရေးထုံးတမ်းစဉ်လာများနှင့် အညီဖြစ်စေရေး အလေးထားဆောင်ရွက်

စေတီတော်များ ပြုပြင်တည်ဆောက်ပြီးစီးပါက ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ၍ စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားပြုလုပ်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိပြီး ဝိနည်းမိုရ် ဘုရားစုရှိ ဘုရားအမှတ် (၆၅၉)၌ နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ နံရံဆေးရေးပန်းချီများ ရေးဆွဲထားသော စေတီတော်အတွင်း နံရံများပဲ့ကျပျက်စီးမှုမရှိစေရန် အနားသတ် ကြားသိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စေတီတော်ကြံ့ခိုင်မှု အခြေအနေတို့ကို လည်းကောင်း၊ နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အတွင်းနံရံများ ပဲ့ကျပျက်စီးမှုမရှိစေရန် အနားသတ်ကြားသိပ် လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့် ဘုရားအမှတ်(၅၇၇)ကိုလည်းကောင်း၊ အနားသတ်ကြားသိပ် လုပ်ငန်းဆောင်ရွက်ပြီးစီး၍ နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဘုရားသုံးဆူစေတီတော်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပုဂံဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းရမည့် စေတီတော်များအား မွမ်းမံထိန်းသိမ်းနေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)နှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဖွဲ့စည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နံရံဆေးရေးပန်းချီများထပ်မံပျက်စီးမှု မရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာတန်ဖိုးများ လျော့နည်းပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်၊ စေတီတော်များအတွင်း မိုးရေယိုစိမ့်မှုမရှိစေရေး၊ ငှက်များနှင့်လင်းနို့များ မဝင်ရောက်နိုင်ရေး၊ အလင်းရောင်ကောင်းစွာရရှိရေးနှင့် စေတီတော်များပေါ်တွင် ပေါက်ရောက်နေသည့် ချုံနွယ်ပေါင်းပင်များ ရှင်းလင်းရေးတို့ကို စီမံချက်ချမှတ်ဆောင်ရွက်ရန်၊ ပုဂံရှေးဟောင်းနယ်မြေရှိ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းရမည့် စေတီတော် (၄၀၀) ကျော်တွင်ရှိသည့် နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကာလတိုအတွင်း လုပ်ငန်းများပြီးစီးရေးအတွက် ဌာနမှပညာရှင်များက လုပ်ငန်းကျွမ်းကျင်မှု သင်တန်းများ ဆင့်ပွားဖွင့်လှစ်ကာ ယင်းသင်တန်းသားများဖြင့် အဖွဲ့ခွဲများ များစွာဖွဲ့စည်း၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဘုရားအမှတ်(၂၁၄၂) ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းစေတီတော်များအား ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် အလှူရှင်များ စိတ်ကျေနပ်မှုရှိစေရေး၊ ရှေးဟောင်းလက်ရာမပျက်ပြုပြင်ထိန်းသိမ်းပြီး ပိုမိုခိုင်ခံ့စေရေး၊ နိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီပြီး မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ ဖြစ်စေရေးအတွက် အလေးထား ဆောင်ရွက်ရန်၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းစေတီပုထိုး (၆၃) ဆူအား စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ပြန်လည်ပြုပြင် တည်ဆောက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပြီး စေတီတော်များ ပြုပြင်တည်ဆောက်ပြီးစီးပါက တစ်ချိန်တည်း တစ်ပြိုင်တည်း ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ၍ စေတနာရှင်များ၊ ပြည်သူများ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားကို ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်တူးဖော်

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူ အရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးမေးမြန်းပြီး ပုဂံဒေသသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ရှေးဟောင်းအမွေအနှစ်များ စုဝေးတည်ရှိရာ အချက်အချာဒေသဖြစ်ပြီး သမိုင်းတင်ရမည့် ရှေးဟောင်းအမွေအနှစ် အားလုံးနီးပါးသည် ပုဂံဒေသတွင် တည်ရှိကြောင်း၊ ထို့ကြောင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျကာကွယ်ထိန်းသိမ်းမြှင့်တင်ရန်အတွက် Master Plan ရေးဆွဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယင်းသို့ ရေးဆွဲရာတွင် စေတီတော်များ၏ Structure ပိုင်း ကြံ့ခိုင်မှု ထိန်းသိမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် အဆင့်များ သတ်မှတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းမည့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊ မြေအောက်တွင် နစ်မြုပ်နေသည့် ရှေးဟောင်းအမွေအနှစ် လက်ရာများကိုလည်း ဆက်လက်တူးဖော်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲခြင်းတို့ကို လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းရေးဆွဲရေး၊ နံရံဆေးရေး ပန်းချီများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ငန်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းပြီး ကာလတိုအတွင်း ပြီးစီးအောင် စီမံချက်ချမှတ်ဆောင်ရွက်ရေး၊ နံရံဆေးရေးပန်းချီများကို Digitalize ဖြင့်ထိန်းသိမ်းမှုအပြင် ပုံနှိပ်မှတ်တမ်းဖြင့်လည်း မှတ်တမ်းတင်ထိန်းသိမ်းနိုင်ရန်အတွက် စီမံဆောင်ရွက်ရေး၊ ရှေးဟောင်း ဘုရားပုထိုးများ ကြံ့ခိုင်ရေး၊ သဘာဝဘေးဒဏ်မှကာကွယ်ထိန်းသိမ်းနိုင်ရေးတို့အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ပညာရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အနော်ရထာမင်း နန်းတော်ရာ တူးဖော်ထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နန်းတော်ရာအားရှေးဟောင်းသုတေသန ပညာရှင်များ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာရာတွင် အဆင်ပြေချောမွေ့စွာ လေ့လာနိုင်အောင် ခင်းကျင်းပြသမှုများကို ဆွဲဆောင်မှုရှိပြီး သက်သောင့်သက်သာရှိမှုတို့ဖြင့်ပေါင်းစပ်ကာ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၅၇၇)၌ နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၂၁၄၂) ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ကြောင်းကျိုးဆက်သွယ် သံသရာလည်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၇)
- ၈:၅၀ Four FLAVOURS Show (Part-3)
- ၉:၄၅ Intellectual Talk (လက်ရှိမြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၂ ခုနှစ်အတွက် ရာသီဥတုအလားအလာ) [ဒေါက်တာထွန်းလွင်၊ မိုးမြဴတ်သူ]
- ၁၀:၂၅ အထက(ပ·လ·စ·၂)အမရပူရမြို့
- ၁၀:၄၀ ကြည်နူးဂါရဝ ထန်းတောဇောဓိ အ·ထ·က
- ၁၁:၀၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာစာအောင်ဆုနှင်းသဘင် အခမ်းအနား
- ၁၁:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၂)
- ၁၂:၁၅ စင်ကြယ်သန့်ရှင်းရောဂါကင်း Complete Chemical Solutions
- ၁၂:၃၀ ဝါးခယ်မ GTI ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ
- ၁၂:၅၀ အာကာဝေဟင်ထဲ Yangon Airways စီးပြီးခရီးနှင်မယ်
- ၁:၀၀ **ကြောင်းကျိုးဆက်သွယ် သံသရာလည်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ဂီတသရုပ်ပြခန်း (Zenn ရဲ့ ပျောက်ဆုံးနေတဲ့ကမ္ဘာ)
- ၂:၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ရာဇဝင်ထဲကအလန်း**
- ၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၄)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၇)
- ၄:၅၀ Regent Business Academy (Fashion Design & Marketing)
- ၅:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၂)
- ၅:၄၅ ဒုံးယိမ်းအကနှင့် နွဲပျော် ပုသိမ်မြို့ရဲ့ ကရင်နှစ်သစ်ကူးပွဲတော်
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၅)
- ၇:၁၀ Four FLAVOURS Show (Part-4)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၁၅ A Journey to Beijing (Part-1)
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၈)
- ၁၀:၂၅ (၂၈)ကြိမ်မြောက်မဟာမဲခေါင် ခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေး ခရီးသွားပြပွဲနှင့် ဓာတ်ပုံပြပွဲ
- ၁၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၃)
- ၁၁:၃၀ အနုပညာမိုးကောင်းကင်
- ၁၁:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သန္တာလှိုင်)
- ၁၂:၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁၂:၃၅ Celebrity Profile (Justin Timberlake)
- ၁:၀၅ မြန်မာ့လက်မှု ယွန်းအနုပညာ
- ၁:၃၀ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
- ၁:၅၀ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၂:၁၀ ရွှေဖြစ်မည့် ရတနာအစစ်···
- ၂:၂၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
- ၂:၃၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟောဝန်စခန်းမှာ
- ၃:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၄:၁၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၄:၂၀ ကံပေါက်ဒေသမှ လေ့လာစရာများ
- ၄:၄၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၁၆ လမ်းနေ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ)ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ ငွေသားနှင့်ဆေးဝါးများ (ကျပ်ငါးသိန်းခြောက်ထောင်)ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(နှင်းဆီကုန်းဘိုးဘွားရိပ်သာ)

ပုလဲသွယ်စပ်မျိုးစပါးများနှင့် G.A.P စိုက်နည်းစနစ်များ လယ်ကွင်းထဲအရောက် နည်းပညာပြန့်ပွားအောင် လက်ဆင့်ကမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးများ၏ ပညာရပ်များ လက်တွေ့ထိရောက်စွာ အသုံးချနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး စဝေးခန်းမဆောင်၌ ကျင်းပသည်။

အကောင်အထည်ဖော်

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနသည် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း (SEED PRODUCTION)၊ လေ့ကျင့်ပညာပေးခြင်းလုပ်ငန်း (TRAINING AND EDUCATION)၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း (RESEARCH AND DEVELOPMENT) များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်၏အဓိကသီးနှံ ဆန်စပါးနှင့် ဒေသရေမြေနှင့်ကိုက်ညီသော သီးနှံတို့ကို စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ ကျောင်းပိုင်လယ်မြေများ၌ ကွက်လပ်မကျန် G. A.P စနစ်ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ စံနမူနာပြစိုက်ပျိုးနည်းပညာပေးကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ မွေးထုတ်ပေးလိုက်သည့် ပညာရှင်များအား လယ်သမားများကို လက်ငင်းအကျိုးပြုနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ ဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း။

လက်ဆင့်ကမ်း

ယနေ့နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော်နေသည့် အထူးအထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းအားဖြင့် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိရေးပြိုင်ပွဲကို ကျောင်းအားလုံး ယှဉ်ပြိုင်ကြရန်နှင့် မိမိတို့ သုတေသနပြု ထုတ်လုပ်ထားသော ပုလဲသွယ်စပ်မျိုးစပါးများနှင့် G. A.P စိုက်နည်းစနစ်များကို တောင်သူများထံအရောက်၊ လယ်ကွင်းထဲအရောက် နည်းပညာထိရောက်စွာ ပြန့်ပွားနိုင်ရေး လက်ဆင့်ကမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြစ်ထွန်းအောင်မြင်လိုသော စိတ်ဓာတ်ဖြင့် ပြောင်းလဲဆောင်ရွက်ကြရန်၊ လုံ့လဝီရိယရှိစွာဖြင့် ဆောင်ရွက်ကြရန် ဆွေးနွေးသည်။

အစည်းအဝေးအပြီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းနှင့် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တောင်သူပညာပေး စံပြ ၃၆၉ ဧက စိုက်ကွင်းတို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ အခြေစိုက်သည့် Asia Society အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးများ၏ ပညာရပ်များ လက်တွေ့ထိရောက်စွာ အသုံးချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နယူးယောက်အခြေစိုက်ကိုယ်စားလှယ်အဖွဲ့များတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ အခြေစိုက်သည့် Asia Society အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးအား မွန်းလွဲ ၁ နာရီတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ အခြေစိုက်သည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society- WCS) မှ အာရှရေးရာညွှန်ကြားရေးမှူး Mr. Colin Poole ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး၊ ဥယျာဉ်ဘေးမဲ့တောများ ထိန်းသိမ်းရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်းများ ပြုလုပ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည့်ကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

စိုက်ခင်းဆီ ရောက်သွားတော့ တောင်သူ ဦးကြည်ရှိန်နှင့် တွေ့ပြီး စိုက်ပျိုးချိန်၊ စားသုံးသူများအတွက် အကျိုးရှိပုံ၊ ဈေးနှုန်းစသည်တို့ကို စပ်စုမိသည်။

"ဘရိုကိုလီကို ဆောင်းရာသီမှာ အများဆုံး စိုက်ပျိုးဖြစ်ထွန်းပါတယ်။ နိုဝင်ဘာလဆန်းလောက်က စစိုက်တာ အခုဆိုရင် ရောင်းချလို့ရနေပါပြီ။ နောက်တစ်သီးအတွက် ဘရိုကိုလီကိုပဲ စိုက်လို့ရပါသေးတယ်။ ဇန်နဝါရီလဆန်းကစိုက်ရင် မတ်လလယ်လောက်ဆိုရင် ရောင်းချလို့ရပါပြီ။ စိုက်ချိန်က ၄၅ ရက်ကနေ ရက် ၆၀ အထိပဲ ရှိပါတယ်။ သူက ဂေါ်ဖီပန်းအဝါလို အလုပ်သိပ်မရှုပ်ဘူး။ ပိုးသတ်ဆေးဖျန်းဖို့ မလိုဘူး။ ဘရိုကိုလီက အချိုဘက်မလိုက်ဘူး။ အခါးဘက် နည်းနည်းလိုက်တယ်။ ဒါ့ကြောင့် ပိုးမစားဘူး။ အခါးဓာတ်ပါလို့လည်း ဆီးချို သွေးချိုရောဂါကို ကာကွယ်နိုင်တယ်လို့ အချို့ကဆိုကြတယ်။ ကင်ဆာရောဂါကို ကာကွယ်နိုင်တယ် ဆိုတာကတော့ အများကသိပြီးသားပါ။"

စိုက်ခင်းထဲတွင် ရောင်းချရန် အသင့်ဖြစ်နေသော ဘရိုကိုလီစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့နေရသည်။ အချို့ပန်းပွင့်များ၏ မျက်နှာပြင်အကျယ်မှာ အချင်း ၆ လက်မမှ အချင်း ၇ လက်မကျော် ထိပင်ရှိသည်။ ရှင်သန်အားကောင်းလှသည်။

ထိုအပွင့်ကြီးမျိုးကို စိုက်ခင်းတွင် ကျပ် ၂၅၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ၎င်းထက် အပွင့်ငယ်လျှင် ဈေးနည်းသည်။ အပွင့်ကြီးမျိုးကို ရန်ကုန်ဈေးကွက်တွင် ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ အထိ ရောင်းချကြသည်။

စိုက်ပျိုးလျက်ရှိ

ယခုအခါ နွယ်ရစ်ကျေးရွာတွင် ဘရိုကိုလီများ အထွက်ကောင်းသဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

နွယ်ရစ်ကျေးရွာမှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဘရိုကိုလီစိုက်ခင်းကို ဤသို့ တွေ့မြင်ရသည်။

လှိုင်မြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၁-၁၂ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က အထက(၁)လှိုင်တွင် ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မူလတန်းလွန်အဆင့် ကျောင်းအထူးချွန်ဆုံးနှင့် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုရရှိသော အမက(၂) မူလွန်လှိုင်မှ ဆရာမကြီး ဒေါ်သာနုအေးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဆုချီးမြှင့်စဉ်။ (၁၂၂)

ဗီဒီယိုတိပ်ခွေ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေး ကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန်သတိပေးချက်

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင်ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၂၅ (ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက် သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ(၃၂)အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် သတိပေးအပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်တောင်ပိုင်းမှ မြို့တစ်မြို့ တာလီဘန်တို့လက်မှ ပြန်လည်သိမ်းယူ

ကဘူးလ် ဇန်နဝါရီ ၁၁

တာလီဘန်တို့ အချိန်ကြာမြင့်စွာကပင် ထိန်းသိမ်းထားခဲ့သည့် အာဖဂန်နစ္စတန်တောင်ပိုင်းမှ မြို့တစ်မြို့ကို အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၀ ရက်၌ ပြန်လည်သိမ်းပိုက်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များသည် နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် ကန်ဒါဟာပြည်နယ် မီယန်ရှင်းခရိုင်မှ တာလီဘန်လက်နက်ကိုင်များကို တိုက်ထုတ်လိုက်ကြောင်း အာဖဂန်နစ္စတန်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးနှင့် ပတ်သက်၍ ထိခိုက်၊ ကျဆုံးမှုသတင်းများကိုမူ အစိုးရ၏ကြေညာချက်တွင် ဖော်ပြခြင်းမရှိပေ။ နိုင်ငံတောင်ပိုင်းရှိ မြို့လေးမြို့မှာ တာလီဘန်တို့လက်အောက်၌ ရှိနေသေးကြောင်း အာဖဂန်သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံမှ ဗုံးခွဲတိုက်ခိုက်မှုများ တစ်ဦးသေဆုံးပြီး နှစ်ဒါဇင်ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီး ဗုံးခွဲတိုက်ခိုက်မှုများတွင် အနည်းဆုံး တစ်ဦးသေဆုံးပြီး အာဖဂန်နစ္စတန်နိုင်ငံသား ၁၅ ဦး အပါအဝင် လူနှစ်ဒါဇင်ကျော် ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့တော် တောင်ဘက် အိုဝီရစ်မြို့အတွင်း လမ်းဘေးဗုံးပေါက်ကွဲသဖြင့် တစ်ဦးသေဆုံးပြီး အနည်းဆုံးလူ ကိုးဦးဒဏ်ရာရရှိကြောင်း အီရတ်အရာရှိများက ဇန်နဝါရီ ၁၀ ရက်က ပြောကြားသည်။

ကြုံတွေ့ရ

ထို့ပြင် ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ ဟီလာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုတွင် အာဖဂန်နစ္စတန်နိုင်ငံသား ၁၅ ဦး ဒဏ်ရာရရှိသွားသည်။ အီရတ်နိုင်ငံ၌ ၂၀၁၂ ခုနှစ် နှစ်ဆန်းစကလည်း ဗုံးခွဲတိုက်ခိုက်မှုများနှင့် ကြုံတွေ့ရကြောင်း သတင်းတွင်ဖော်ပြထားသည်။ **(အင်တာနက်)**

ဆူမားတြားကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ရ

ဂျကာတာ ဇန်နဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းကမ်းလွန်တွင် ဇန်နဝါရီ ၁၁ ရက် နံနက်က ရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

လှုပ်သွား

အဆိုပါငလျင်သည် ဆူမားတြားကျွန်းရှိ အာချေးပြည်နယ် မူလာဘိုမြို့ အနောက်တောင်ဘက်ကမ်းလွန် ကီလိုမီတာ ၃၅၀ ခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြု၍ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၆ မိနစ်က လှုပ်သွားခြင်းဖြစ်သည်။

၎င်းငလျင်လှုပ်မှုကြောင့် အာချေးပြည်နယ် မြို့တော်ဘန်ဒါအာချေးမြို့တွင် အိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ပြီး မြို့နေပြည်သူများ ထိတ်လန့်စွာ လမ်းမများပေါ် ပြေးထွက်ခဲ့ကြရသည်။ **(အောက်ပုံ)**

ပြန်လည်ရုပ်သိမ်း

ယင်းငလျင်လှုပ်ပြီးနောက် တစ်နာရီခန့်အကြာတွင် အာချေးပြည်နယ် ဆီမီလူကျွန်းအနောက်တောင်ဘက် ၂၃၇ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၂၀၄ ကီလိုမီတာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅ ဒသမ ၄ နှင့် ၅ အဆင့်ရှိ ငလျင်များလှုပ်ခဲ့သည်။ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်း၌ ဆူနာမီ သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ကမ္ဘာမှအဝေးဆုံးနှင့်အကြီးဆုံး ကြယ်တာရာအစုအဝေးကြီးတွေ့ရှိ



ပေကျင်း ဇန်နဝါရီ ၁၁

ကမ္ဘာမှ အဝေးဆုံးဖြစ်ပြီး အကြီးဆုံးလည်းဖြစ်သော ကြယ်တာရာနဂါးငွေ့တန်း အစုအဝေးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော်စတင်းမြို့တွင် ကျင်းပသည့် နက္ခတ္တဗေဒပညာရှင်အဖွဲ့ နှစ်ပတ်လည်တွေ့ဆုံပွဲတွင် အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုတွေ့ရှိသည့် ကြယ်တာရာအစုအဝေးသည် ကမ္ဘာမှ အလင်းနှစ်ပေါင်း ခုနစ်ဘီလီယံအကွာအဝေးတွင် တည်ရှိနေပြီး နေစကြဝဠာ၏ပမာဏထက် များစွာအဆပေါင်း ကြီးမားသည်။ ထိုကြယ်တာရာအစုအဝေးကို ပြည့်ဝဖြိုးကြွယ်မှုရှိသောအရာဟု အဓိပ္ပာယ်ရသည့် စပိန်ဘာသာစကား အဲလ်ဂေါဒိုဟု အမည်သတ်မှတ်ထားသည်။ ကြယ်တာရာအစုအဝေးပမာဏအကြီးမား ဆုံးဖြစ်သည့် ၎င်းအဲလ်ဂေါဒိုနဂါးငွေ့တန်းကြယ်တာရာအစုကို နာဆာ၏ချန်ဒရာ X-ray နှင့် အာတာကာမာ အာကာသ စူးစမ်းရေးမှန်ပြောင်းတို့ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

"အခုတွေ့ရှိထားတဲ့ အဲလ်ဂေါဒိုကြယ်တာရာအစုအဝေးကို စောင့်ကြည့်သုတေသနပြုပြီး စကြဝဠာဖွဲ့စည်းမှုပုံသဏ္ဌာန် ဆင့်ကဲဖြစ်စဉ်များအကြောင်းကို သိရှိနားလည်နိုင်လာပါလိမ့်မယ်" ဟု သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ နယူးဂျာစီပြည်နယ်ရှိ တက္ကသိုလ်မှ ဂျက်ဟုချ်က ပြောကြားသည်။

ကြယ်တာရာနဂါးငွေ့တန်းအစုအဝေးအဲလ်ဂေါဒိုအား သုတေသနပြုလေ့လာခြင်းများဖြင့် မာယာကြွယ်သည့် စကြဝဠာ၏လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်လိမ့်မည်ဟုလည်း သိပ္ပံပညာရှင်များက ယုံကြည်လက်ခံထားကြသည်။ **(အင်တာနက်)**

မက္ကဆီကိုနိုင်ငံတွင် တိုက်ခိုက်သတ်ဖြတ်မှုများဖြစ်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၁

မက္ကဆီကိုနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်ချီဟူရာဟူရာတွင် တိုက်ခိုက်သတ်ဖြတ်မှုများ ဇန်နဝါရီ ၁၀ရက်က ဖြစ်ပွားရာ ၁၀ ဦးသေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကလူဒတ်ဗျူရာရက်စ်မြို့တွင်း ဈေးတစ်ဈေးတွင်ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦး သေဆုံးပြီး အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်။ ထိုတိုက်ခိုက်မှုမှာ လက်နက်ကိုင်သမားတစ်ဦးက ရဲတပ်ဖွဲ့အုပ်စုတစ်စုအား ကားအတွင်းမှ ပစ်ခတ်ခြင်းဖြစ်ပြီး အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားခဲ့

ထိုမြို့တောင်ပိုင်းတွင်လည်း အိမ်ဟောင်းတစ်လုံးအတွင်း ပြန်ပေးဆွဲခံထားရသောအမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့၏အလောင်းများကို တွေ့ရှိကြောင်း၊ ၎င်းတို့လေးဦးစလုံး ပစ်သတ်ခံထားရ၍ သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ မြို့၏အခြားတစ်နေရာတွင်လည်း လူသတ်မှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တို့က ပြောကြားသည်။

ယင်းပြည်နယ်အတွင်းအခြားနေရာများတွင်လည်း တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် လူသုံးဦးသေဆုံးခဲ့သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံတွင် ရထားနှစ်စင်းတိုက်မိ

နယူးဒေလီ ဇန်နဝါရီ ၁၁

အိန္ဒိယနိုင်ငံ ဂျာခန်းပြည်နယ်အတွင်း ရထားနှစ်စင်းတိုက်မှုဖြစ်ပွားကြောင်း၊ ထိုရထားတိုက်မှုတွင် ခရီးသည် ငါးဦးသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၁ ရက်က ပြောကြားသည်။

တိုက်မိခဲ့

ဆာဟီဘောဂန့်ဂျီခရိုင်မှ ၂၅ ကီလိုမီတာအကွာအဝေးရှိ မီးရထားသံလမ်းပေါ်တွင် ဒီဘီဂူဂျယ်မှ နယူးဒေလီသို့ ဦးတည်ခုတ်မောင်းလာသည့် ခရီးသည်တင်ရထားနှင့် ကုန်ပစ္စည်းတင် ရထားတစ်စင်းတို့ တိုက်မိခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

ရထားချင်းတိုက်မိချိန်မှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ခရီးသည်တင်ရထားမှာ တိမ်းမှောက်သွားခဲ့သည်။ ခရီးသည်အချို့အား တိမ်းမှောက်နေသည့် ရထားအတွင်းမှ ခဲရာခဲဆစ် ဆွဲထုတ်ကယ်တင်ခဲ့ရကြောင်း၊ ဒဏ်ရာရသွားသူ ၁၀ ဦးအား ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် နေရာအနှံ့အပြားသို့ မီးရထားသံလမ်းကွန်ရက် ဆက်သွယ်ခင်းထားပြီး တစ်နေ့လျှင် ခရီးသည်တင်ရထားခရီးစဉ် ၉၀၀၀ ပြေးဆွဲပေးနေကာ ပြည်သူ ၁၈ သန်းနီးပါးခန့် မီးရထားစီးနင်းအသုံးပြုလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၁-၁-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

ဒေသလုံခြုံရေးကိစ္စဆွေးနွေးရန် အစ္စရေးကာကွယ်ရေးဝန်ကြီး ဂရိနိုင်ငံ အေသင်မြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟူဘာရတ်ဦးဆောင်သည့်အဖွဲ့သည် လုံခြုံရေးအင်အားထပ်ဖြည့်ရန် ရည်ရွယ်၍ အေသင်မြို့သို့ နှစ်ရက်ကြာချစ်ကြည်ရေးခရီးအဖြစ် ဇန်နဝါရီ ၁၀ ရက် နံနက်က စတင်ထွက်ခွာသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးဘာရတ်သည် ဂရိသမ္မတ ကာရိုလော့စ်ပါပေါလီယက်၊ ဝန်ကြီးချုပ်လူးကက်စ်ပါပါဒီမော့စ်၊ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မိုက်ကယ်ကော့စတာရာကော့အပါအဝင် အခြားအဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားရန် စီစဉ်ထားကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။ အစည်းအဝေးကျင်းပသည့်အခါ နှစ်ဦးနှစ်ဖက် ကာကွယ်ရေးဆိုင်ရာများ၊ လုံခြုံရေးအင်အားများ ထပ်မံဖြည့်စွက်ရန်နှင့် ဒေသဆိုင်ရာကိစ္စရပ်များကို အဓိကဆွေးနွေးသွားမည်ဖြစ်သည်။

တရုတ်၌ အကြီးဆုံးနေစွမ်းအင် ထုတ်လုပ်ရန်အတွက် စီစဉ်လျက်ရှိ

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟောနန်စီရင်စုရှိ အာဏာပိုင်များနှင့် ဥရောပနေစွမ်းအင်ကုမ္ပဏီတစ်ခုတို့သည် ကျင်ဟိုင်းမြို့အခြေစိုက် အကြီးဆုံးနေစွမ်းအင်ထုတ်လုပ်မှုတစ်ခုကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဏာပိုင်များနှင့် ဥရောပမှအဓိကနေစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် ဂျီအက်စ်အက်စ်ကုမ္ပဏီတို့သည် သဘောတူစာချုပ်မူကြမ်းတစ်ရပ်ကို ဇန်နဝါရီ ၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ မဖွံ့ဖြိုးသေးသည့် ယင်းစီရင်စုအတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားလုံလုံလောက်လောက်ရရှိရန်အတွက် ယင်းအခြေစိုက်လုပ်ငန်းမှ နေစွမ်းအင်ရရှိရေး ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယင်းနေစွမ်းအင်အရင်းအမြစ်မှ နှစ်စဉ် ဓာတ်အားများရရှိမည်ဖြစ်ပြီး အဆိုပါဒေသရှိ အခြားသောနေရာများထက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိမည်ဖြစ်သည်။

မော်စကိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်

ရုရှားနိုင်ငံ မော်စကိုမြို့အနောက်တောင်ပိုင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဇန်နဝါရီ ၁၀ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှာ ဆိုင်အတွင်းရှိ ဓာတ်ငွေ့ပိုက်များ ချွတ်ယွင်းမှုကြောင့်ဖြစ်နိုင်သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက အင်တာဖက်သတင်းဌာနသို့ပြောကြားခဲ့သည်။ ယင်းပေါက်ကွဲမှုသည် အထပ်နှစ်ထပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ ပထမကြမ်းပြင် အထပ်မှ စတင်ဖြစ်ပွားခြင်းဖြစ်ပြီး ပေါက်ကွဲမှုအရှိန်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရာ မီးမှာ အနီးပတ်ဝန်းကျင်အထိ ကူးစက်ပျံ့နှံ့ခဲ့သည်ဟု ဆိုသည်။ အဆိုပါ စားသောက်ဆိုင်၏အလုပ်သမားအမျိုးသမီးနှစ်ဦးသေဆုံးခဲ့ပြီး ၎င်းတို့အား စားသောက်ဆိုင်မီးဖိုဆောင်အခန်းအတွင်း၌ သေဆုံးနေသည်ကို တွေ့ခဲ့ကြောင်း၊ လူ ၂၀ ကျော်ကို ဆေးရုံသို့ တင်ပို့ထားရကြောင်း မော်စကိုအရေးပေါ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘရာဇီးအရှေ့တောင်ပိုင်းတွင် မုန်တိုင်းကြောင့် ခြောက်ဦးသေဆုံး

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ရီယိုဒီဂျနေးယိုးပြည်နယ်တွင် ဇန်နဝါရီ ၉ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုများဖြစ်ပေါ်ပြီး အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဆာပူကာမြို့ဝန်းကျင်ဒေသတွင် ယင်းမုန်တိုင်းများကြောင့် အိမ်ကိုးလုံးပြိုကျခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်များက ဒေသအချို့တွင် ရေလွှမ်းမှုများကြောင့် ငါးဦးသေဆုံးခဲ့ပြီး ၂၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ရီယိုဒီဂျနေးယိုးပြည်နယ်အတွင်းရှိ ကာဒိုဆိုမိုရီရာမြို့တွင် တနင်္ဂနွေနေ့က ရေကြီးမှုကြောင့် ရေကာတာတစ်ခု ပျက်စီးခဲ့ကြောင်း သတင်း၌ ထပ်မံဖော်ပြသည်။ (အင်တာနက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ယမန်နေ့မှအဆက်

ပြင်သစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတနီကိုလပ်စ်ဆာကိုဇီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာနှုတ်ခွန်းဆက်ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

စပိန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွမ်ကားလို့စ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စပိန်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ဟန်ဂေရီနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာပါးလ်ရှမစ်တ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးဖြစ်ထွန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ခရိုင်ကြက်ခြေနီသူနာပြုရုံး အဆောက်အအုံသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း တာချီလိတ်ခရိုင်ကြက်ခြေနီသူနာပြု ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်ရှိ အဆိုပါရုံးသစ်ရှေ့၌ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း (နေပြည်တော်)မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှနှင့်တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော ကွန်ပျူတာလက်တော့ပ်တစ်လုံးနှင့် တာလေလျှင်ဘေးတွင် ကူညီဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလွှာများအား အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်ပြီး အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစောလွင်တို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါရုံးသစ်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း(နေပြည်တော်)မှ ပံ့ပိုးငွေကျပ် သိန်း ၁၉၀ အပါအဝင် ငွေကျပ်သိန်းပေါင်း ၃၃၀ တန်ဖိုးရှိကြောင်း သိရှိရသည်။ (ဝ၆၀)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၄) အခြေခံပညာ မူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပဉ္စမတန်းမှ ပထမဆုရရှိသော မဝင့်သီရိဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချို ဆုချီးမြှင့်စဉ်။ (ဝ၄၃)

နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသူများ၊ အားကစားဆုရသူများနှင့် ပညာရည်ချွန်ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်စဉ်။
(ဝ၂၁)

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဘယ်သူတွေဗိုလ်စွဲမလဲ

ဆစ်ဒနီ ဇန်နဝါရီ ၁၁

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၉ ရက်အထိ ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ကမ္ဘာကျော်ထိပ်တန်းတင်းနစ်အားကစားသမားမောင်မယ်တွေ ပါဝင်ယှဉ်ပြိုင်ကြမှာမို့ အကြိတ်အနယ်ရှိမယ့် ပွဲကြီးပွဲကောင်းပဲဖြစ်ပါတယ်။

ရေပန်းစားနေ

ဒီပြိုင်ပွဲမှာ အမျိုးသား အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွေ အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ ထိပ်တန်းတင်းနစ်ကစားသမားတွေဖြစ်တဲ့ ရာဖေးလ်နာဒယ်၊ ရော်ဂျာဖက်ဒရား၊ အင်ဒီမာရေး စတဲ့တင်းနစ်အကျော်အမော်တွေ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး ၂၀၀၉ ခုနှစ် ဩစတြေးလျအိုးပင်းချန်ပီယံ ရာဖေးလ်နာဒယ်ကတော့ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်မယ်လို့ ရေပန်းစားနေပါတယ်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ကမ္ဘာ့ထိပ်တန်းကစားသမား ၃၂ ဦးထဲမှာပါဝင်တဲ့ ရော်ဘင်ဆိုဒါလင်းနဲ့ မာရင်စီလစ်တို့နှစ်ဦးကတော့ ကြွခိုင်မှုမပြည့်ဝလို့ ပါဝင်ယှဉ်ပြိုင်နိုင်မှုမရှိကြပါဘူး။ ဒါ့အပြင် ရာဖေးလ်နာဒယ်ကလည်း ဝဲဘက်ပခုံးဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်ဖို့ မသေချာဘူးလို့တော့ ဆိုနေပါတယ်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာတော့ ဗစ်တိုရီးယားအဇာရန်ကာနဲ့ မာရီယာရှာရာပိုဗာတို့ ဗိုလ်စွဲမယ်လို့ရေပန်းစားနေပြီး ဝင်ဘယ်ဒန်ချန်ပီယံ ဗစ်တိုဗာကတော့ ဒုတိယရေပန်းအစားဆုံး တင်းနစ်မယ်အဖြစ် ထင်ကြေးပေးနေကြပါတယ်။ ၂၀၁၁ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းချန်ပီယံ ကင်ကလစ်ဂျ်စတားစ်နဲ့ ၂၀၁၀ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံကတော့ ဒဏ်ရာတွေကိုယ်စီရရှိနေတာမို့ ဒီပွဲမှာပါဝင်ယှဉ်ပြိုင်ဖို့ မသေချာပါဘူး။ ဒဏ်ရာတွေသက်သာရင် ပါဝင်ဆင်နွှဲကြဖို့ စိတ်အားထက်သန်နေကြပါတယ်ဆိုပေမယ့် ဆီရီနာဝီလျံကတော့ ကျန်းမာရေးမကောင်းလို့ ပြိုင်ပွဲမယှဉ်ပြိုင်နိုင်တော့ပါဘူး။

ဆေးကုသမှုခံယူ

ဆီရီနာဝီလျံဟာ ပြီးခဲ့တဲ့ ဘရစ်ဘိန်းတင်းနစ်ပြိုင်ပွဲမှာ ဝဲဘက်ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့လို့ ဆေးကုသမှုခံယူနေရသူလည်း ဖြစ်ပါတယ်။ ကင်ကလစ်ဂျ်စတားစ်ကတော့ ပွဲတွေဆက်တိုက်ကစားရပြီး ဒဏ်ရာတွေလည်းရရှိထားတာမို့ လက်ရှိဩစတြေးလျအိုးပင်းချန်ပီယံဖလားကို ကာကွယ်ဖို့ သိပ်မလွယ်ပါဘူး။

စောင့်ကြည့်ရ

ရှာရာပိုဗာကတော့ ၂၀၁၂ ခုနှစ် တင်းနစ်ပြိုင်ပွဲရာသီရဲ့ ပထမဆုံးယှဉ်ပြိုင်ရမယ့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ ရှာရာပိုဗာဟာ လက်တွေ့မှာ ဘယ်လိုအောင်မြင်မှုတွေရရှိမယ်ဆိုတာနဲ့ ဘယ်သူတွေဗိုလ်စွဲသွားမယ်ဆိုတာ ရင်ခုန်စွာနဲ့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ ➢ စုစည်းသည်

တစ်ပတ်အတွင်း ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဒမ်ပဆေးအား ရွေးချယ်

လန်ဒန် ဇန်နဝါရီ ၁၁

ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဂိုးလ်ကွန်ဝက်ဘ်ဆိုက်က ရွေးချယ်ခဲ့ရာ ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဒမ်ပဆေး ရွေးချယ်ခံရကြောင်း ၄င်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဂိုးသွင်းယူနိုင်

အသက် ၂၈နှစ်အရွယ် ကွင်းလယ်ကစားသမား ဒမ်ပဆေး (အပေါ်ပုံ) သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ချာလ်တန်အသင်းနှင့် ကစားခဲ့သောပွဲ၌ သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့သည်။ တစ်ဖန် အာဆင်နယ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သောပွဲတွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သည်။

ချာလ်တန်အသင်းအား သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့ခြင်းသည် ဒမ်ပဆေး၏ ဘောလုံးသမား သက်တမ်း၌ ပထမဆုံးအကြိမ် ဟက်ထရစ်ရရှိခဲ့ခြင်းဖြစ်သည်။ နောက်ပွဲစဉ်များ၌ ဟက်ထရစ်ရရှိအောင် ဂိုးသွင်းယူနိုင်ရေးကြိုးစားမည်ဟု ဒမ်ပဆေးက ပြောကြားသည်။

ယခုအခါ ဒမ်ပဆေးသည် ဂိုးလ်ကွန်ဝက်ဘ်ဆိုက် သီတင်းတစ်ပတ်အတွင်း ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ၁၃၈ ဦးမြောက် ဖြစ်လာခဲ့သည်။ (အင်တာနက်)

ဆင်းရဲမှုလျှော့ကျ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဖော်ဆောင်

ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများ တိုးမြှင့်ချေးပေးရေး စနစ်တကျဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်သည် ဇန်နဝါရီ ၈ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်လက်ယက်စမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ မြိုင်သာယာမူလတန်းကြိုကျောင်း၊ ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်အိမ်ရာခန်းမနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကနောင်ခန်းမတို့၌ မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများဆောင်ရွက် နေသည့် တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ စုစုပေါင်း ၅၆၀ နှင့်တွေ့ဆုံရာ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ချေးငွေများထုတ်ပေးပြီးစီးမှုနှင့် အတိုးများပြန်လည်ပေးဆပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစုငွေများထည့်ဝင်မှု၊ ချေးငွေများ ထုတ်ချေးမှု၊ အတိုးငွေများပြန်ဆပ်မှုစသည့် အသေးစား ငွေစုငွေချေးလုပ်ငန်း ဆောင်ရွက်နေမှုမှာ အရှိန်ရ စနစ်တကျရှိလာပြီဖြစ်ကြောင်း၊ လက်တွေ့ကြီးကြပ်ပေးသူ၊ စီမံခန့်ခွဲပေးသူများက စေတနာထား၍ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ကျ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရပ်ကွက်ကျေးရွာအလိုက် မတည်ရင်းနှီးငွေ ထပ်မံလိုအပ်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများ တိုးမြှင့်ချေးပေးရေး စနစ်တကျဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။

ရရှိခံစား

အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများမှ ကိုယ်တိုင်စုငွေများထည့်ဝင်ပြီး ချေးငွေရယူရာတွင် သန်လျင်မြို့နယ်၌ လက်လုပ်လက်စား ၂၆၉၇ ဦးက ချေးငွေကျပ် ၄၆၈၂၁၀၀၀၀၊ ကျောက်တန်းမြို့နယ်၌ လက်လုပ်လက်စား ၃၈၃၀ က ချေးငွေကျပ် ၄၅၀၀၀၀၀၀၀၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လက်လုပ်လက်စား ၃၄၃၇ ဦးက ချေးငွေကျပ် ၂၆၇၁၇၀၀၀၀ ရှိပြီး ယင်းချေးငွေများဖြင့် လုပ်ငန်းမျိုးစုံဆောင်ရွက်လျက်ရှိကြောင်း၊ မတည်ရင်းနှီးငွေများ ထည့်ဝင်ပေးခဲ့သည့် လုပ်ငန်းရှင်များမှာလည်း လစဉ် ၎င်းတို့ မတည်ထည့်ဝင်ငွေ ကျပ် ၁၀၀ လျှင် အတိုးငွေ (၁ ကျပ် ၂၅ ပြားနှုန်း) ရရှိခံစားနေရပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ဦးစီးဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီဖောင်ဒေးရှင်းသို့ ဦးခင်မောင်အေး-ဒေါ်ခင်စောမူ (ပဒုမ္မာပြခန်း) မိသားစုက အလှူတော်ငွေကျပ် ၁၁ သိန်းကို အသင်းဘဏ္ဍာရေးမှူး Capt. ဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

* *ရှေ့ဖုံးမှ*

အခမ်းအနားတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြရန်စီစဉ်ထားကြောင်း၊ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား၊ ညစာစားပွဲအခမ်းအနား၊ ညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသား ယဉ်ကျေးမှုအကပဒေသာဖြင့် ဖျော်ဖြေရေးကိစ္စများကို ဖွဲ့စည်းထားသော ဆပ်ကော်မတီများက စနစ်တကျဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်နှင့် သဝဏ်လွှာကိုလည်း ယနေ့ဒီမိုကရေစီစနစ်ကျင့်သုံးသော ခေတ်ကာလနှင့် အညီ လိုက်လျောညီထွေမှုရှိသည့် အသုံးအနှုန်းများဖြင့် ရေးသားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနား ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ထား

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက သတင်းထုတ်ပြန်ရေး၊ ညစာစားပွဲတွင် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မှု၊ အမျိုးသားရေးဦးတည်ချက်နှင့် သဝဏ်လွှာများ ရေးသားပြုစုရာတွင် ပါဝင်သင့်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အထွေထွေအကြံပြုဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းပေါင်းစပ်

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း၊ ယခုနှစ်ကျင်းပမည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဦးတည်ချက်အနှစ်သာရပြည့်ဝအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြေစိုက်ပိုစတာကိုလည်း ပြည်သူများကို ပိုမိုဆွဲဆောင်မှုရှိရန် ရေးဆွဲကြရန်၊ တချို့နေရာများတွင် LED BOARD ဖြင့် စိုက်ထူသွားကြရန်လိုကြောင်း၊ အခမ်းအနားတွင် လုံခြုံရေးအပိုင်း မလစ်ဟင်းစေရအောင် အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဤအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးက ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

ကားအို ကားဟောင်းဈေးကွက် 'ဏ' အမြင့်ဆုံးဈေးရ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ပမှ ကားတင်သွင်းခွင့်ပါမစ်ရရှိရန်အတွက် ကားအိုကားဟောင်းများ အပ်နှံသည့်စလစ်များ ဈေးကွက်အတွင်း အတက်အကျ မြန်ဆန်စွာဖြင့် ဈေးကစားလျက်ရှိကြောင်း သိရှိရသည်။

"ဇန်နဝါရီ ၃ ရက်၊ ၄ ရက်လောက်က စလစ်ပေါက်ဈေးက ၁၅၅ သိန်းအထိကို တက်လာတာ။ ကားတွေ ထပ်ပြီးသွင်းခွင့်ရမယ်ဆိုတော့လည်း ငွေရှိတဲ့ စီးပွားရေးကစားသမားတွေက အကွက်တွေ ရွှေ့ကုန်ကြတာပေါ့။ဒါပေမယ့် ဒီနေ့ကျပြန်တော့လည်း ဈေးက ၁၄၃-၁၄၅ သိန်းဝန်းကျင် ပြန်ကျသွားတယ်။ အများစုကလည်း ဒီအချိန်မှာ ဒီဈေးနဲ့ မဝယ်ရဲကြတော့ဘူးလေ။ အခုအဝယ်ရှိတယ်ဆိုတာ အများစုက နယ်သူဌေးတွေ ကိုယ်တိုင်စီးနိုင်တဲ့သူဌေးတွေက အများဆုံးဝယ်တာ။ ကားဈေးကွက်မှာဆိုရင်လည်း ဏ အက္ခရာကနေ ပ အက္ခရာအထိကို ဈေးကမာမာပဲ။ အရောင်းအဝယ်အဖြစ်ဆုံးကတော့ ဏ ပေါ့။ အပ်ဖို့ ရွှေ့အပြေးဆုံးမဟုတ်လား။ နောက်ကျတဲ့ အက္ခရာအချို့ကတော့ ဈေးက ၁၂၅ သိန်းလောက်ဆိုရင်ရတယ်။ လောလောဆယ်စီး၊ ခဏနေ စလစ်ရောင်းဖို့လုပ်။ အလုပ်တော့ သူဟာနဲ့သူဖြစ်ပါတယ်"ဟု ဟံသာဝတီကားပွဲစားတန်းမှ ဝါရင့်ပွဲစားတစ်ဦးက ကားလောကဘာသာစကားများဖြင့် လက်ရှိအခြေအနေကို ပြောပြပါတယ်။ ယခင်က အပ်နှံခဲ့သည့်ကားများမှာ သက်တမ်းနှစ်ပေါင်း ၄၀ အထက်ဖြစ်သော ကားများဖြစ်ကြသည့် စ၊ ဆ၊ ဇ များအတွက် ကျပ်သိန်း ၁၀၀ အထိ အမြင့်ဆုံးပေါက်ဈေးရရှိခဲ့ပြီး ယခု မကြာမီအပ်နှံရမည့် ဏ အက္ခရာမှာ ကားအို ကားဟောင်းများကြားတွင် အမြင့်ဆုံးဈေးရရှိနေလျက်ရှိပါကြောင်း။

(၁၅၀)

နယ်စပ်စစ်ဆေးရေး ကြားခံဂိတ်အချို့ဖျက်သိမ်း

ရန်ကုန် ဇန်နဝါရီ ၁၁

နယ်စပ်စည်ပင်၏ သတင်းထုတ်ပြန်ချက်များအရ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ စစ်ဆေးရေးဂိတ်အချို့အား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

"အခု နယ်စပ်မူဆယ်ဂိတ်အတွင်းက ကြားဂိတ်ဖြစ်တဲ့ ရေပူဂိတ်နဲ့ မြဝတီကုန်သွယ်ရေးလမ်းကြောင်းပေါ်က မရမ်းချောင်ဂိတ် နှစ်ဂိတ်ကို ဇန်နဝါရီလ ၇ ရက်ကနေစတင်ပြီး ဖျက်သိမ်းလိုက်တာပါ။ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေလိုတဲ့သဘောနဲ့ အခုလို နယ်စပ်ဖြတ်ကျော်စစ်ဆေးရေးဂိတ်တွေကို ဖြေလျှော့လိုက်တယ်"ဟု ကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"၇ ရက်နေ့ကနေစပြီး အကောင်အထည်ဖော်ထားပါတယ်။ ဂိတ်တစ်ဂိတ်လျော့သွားတဲ့အတွက် အတက်အဆင်း မြန်သွားတာပေါ့။ အချိန်နည်းနည်းပိုထွက်လာပါတယ်။ ပုံမှန်စစ်ဆေးရေးဂိတ်တစ်ဂိတ်ကို ဖြတ်ဖို့ဆိုရင် နာရီဝက်ကျော်၊ တစ်ခါတလေ တစ်နာရီကျော်ကြာတတ်တဲ့အတွက် အခုတော့ အချိန်ကုန်သက်သာတာပေါ့"ဟု ကုန်သည်တစ်ဦးက ပြောပြသည်။

"မရမ်းချောင်ဂိတ်မဖြတ်ရတော့တဲ့အတွက် ခရီးကလည်းပိုတွင်တာပေါ့။ အချိန်တော်တော်များများထွက်လာတယ်။ ကြားထဲမှာ သံလွင်တံတားဂိတ်နဲ့ မြဝတီကုန်သွယ်မှုဇုန်မှာ စစ်တာပဲ ခံရတော့မယ်။ စစ်ဆေးရေးခနဲ့ အခြားအခွန်အခနဲ့ဆိုရင် ငွေနှစ်သောင်းကျော် သက်သာသွားတယ်။ မူဆယ်လမ်းကြောင်းမှာလည်း ဂိတ်တွေလျှော့တယ်လို့ကြားပါတယ်။ ကုန်သွယ်မှု ပိုမိုမြန်ဆန်လာတဲ့အတွက် ကောင်းပါတယ်" ဟု မြဝတီမှဆင်းလာခဲ့သည့် ကုန်သည် ဦးတင်ဝင်းက မြန်မာ့အလင်းကို ပြောကြားခဲ့သည်။

(၁၅၀)

● *ကျောဖုံးမှ*

တောင်လတ္တီတွဒ် ၁၀ ဒီဂရီအကြား အိန္ဒိယသမုဒ္ဒရာရေပြင်သို့ အစိတ်အပိုင်းများအဖြစ် ကျဆင်းမည်ဖြစ်သည်။

ကီလိုဂရမ် ၂၀၀အလေးချိန်ရှိသော ဖိုဘော့စ်ဂရန့် အာကာသယာဉ်သည် မြေပြင်မှ အထက် ၂၀၄ ကီလိုမီတာ အရောက်တွင် အစိတ်အပိုင်းများအဖြစ် ကွဲထွက်ကာ ကမ္ဘာမြေမှ ကီလိုမီတာ ၁၀၀ အရောက်၌ ၎င်းအစိတ်အပိုင်းများ မီးလောင်ပြီး အိန္ဒိယသမုဒ္ဒရာအတွင်း ကျဆင်းမည်ဖြစ်သည်။

လွှတ်တင်ခဲ့

အဆိုပါ ဖိုဘော့စ်ဂရန့် အာကာသယာဉ်ကို ၂၀၁၁ခုနှစ် နိုဝင်ဘာ ၉ ရက်က အင်္ဂါဂြိုဟ်သို့ လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

တင်းနစ်နည်းပြသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ တင်းနစ်နည်းပြသင်တန်းကို ဖေဖော်ဝါရီ ၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း တက်ရောက်ကြမည့် အသက် ၁၈ မှ ၃၀ အတွင်းရှိ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများသည် ဖေဖော်ဝါရီ ၄ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလမ်းတင်းနစ်ကွင်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၁၉၉၀၊ ၃၈၁၉၉၂ လိုင်းခွဲ-၁၊ ၀၁-၃၇၂၃၆၀ နှင့် ၀၉-၇၃၁၂၂၄၄၉)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အဆိုပါ တင်းနစ်နည်းပြသင်တန်းကို Mr. Robert Davis (မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်-နည်းပြချုပ်) က စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

SUMITOMO GOLF CLASSIC

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Hein Min Co., Ltd.နှင့် Sumitomo Heavy Machine က အဓိကကူညီပံ့ပိုးသော SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ Mr. Kazuhiko Sasaki (President Director of Indonesia Sumitomo Factory)၊ Aung Hein Min Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးချစ်စံ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးတင့်ဦးနှင့် ဦးမင်းသိန်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ **(ဓါတ်ပုံ)** ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

တတိယလိုက်

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး Professional Golfers ပြိုင်ပွဲတွင် လှမျိုး (A.P.P.O) က ရိုက်ချက် ၆၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ကျော်စွာလင်းက ရိုက်ချက် ၇၀ ဖြင့်ဒုတိယ၊ ဇော်ဇော်လတ် (Srixon) နှင့်သိန်းဇော်မြင့် (KM Golf Centre) တို့က ရိုက်ချက် ၇၂ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် မျိုးဝင်းအောင်က ရိုက်ချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ရဲထက်အောင်က ရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယလိုက်နေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

12-1 (08).pmd 1 1/12/2012, 2:50 AM

စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရှင်းလင်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများနှင့် ရေနံဓာတုဗေဒအခြေခံစက်မှုလုပ်ငန်းများတွင် နည်းပညာနှင့် အရင်းအနှီးများမြှုပ်နှံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာရှိ ကုမ္ပဏီများက များစွာစိတ်ဝင်စားလျက်ရှိကြရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization(NEDO) ဥက္ကဋ္ဌ Mr.Kazuo Furukawa ဦးဆောင်သောအဖွဲ့၊ Japan Oil,Gas and Metals National Corporation ဥက္ကဋ္ဌ Mr.Hirobumi Kawano ဦးဆောင်သောအဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ LG (International) Corporation Senior Vice President, Mr.Song Chi Ho ဦးဆောင်သောအဖွဲ့များသည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြရာ **(ဓါတ်ပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား တရားဝင်ခရီးရောက်ရှိနေသည့် နယူးယောက်မြို့အခြေစိုက် Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား နယူးယောက်မြို့ အခြေစိုက် Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ပိုးစုကြီးအုပ်စု ထိန်ပင်မြောင်အထက်စု ကျေးရွာ ပညာဗလစာကြည့်တိုက်ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်ဝင်းတို့ ပန္နက်စိုက်ထူပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝင်းသင်တို့က "ရင်းနှီးမြှုပ်နှံမှုနှင့် အများပိုင်ကုမ္ပဏီများအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်ဆက်သွယ်

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသားသင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်းဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်းဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်	**(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။** **(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။** **(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြု သုံးစွဲရန်။** (မီးသတ်ဦးစီးဌာန)

မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်များ

"ချစ်သား-ကုသိုလ်ဟူသည် ကုသိုလ်စိတ်ဖြစ်ရုံမျှနှင့်ပင် အကျိုးကြီးမားလှ၏" ဟု မြတ်စွာဘုရား မိန့်ကြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၄၈ ရက်တာ ဒေသစာရီကြွချီခဲ့ပြီး မန္တလေးမြို့ တံတားဦးလေဆိပ်မှ မြန်မာစံတော်ချိန် ၁၀ နာရီ ၄၅ မိနစ်တွင် လေကြောင်းနှင့် ပြန်လည်စတင်ပင့်ဆောင်ခဲ့ပါသည်။ တရုတ်နိုင်ငံ ပေကျင်းလေဆိပ်သို့ ဒေသစံတော်ချိန် ၁၆ နာရီ ၄၅ မိနစ်တွင် အောင်မြင်ချောမောစွာ ဆိုက်ရောက်ခဲ့သည်။ တရုတ်ဗုဒ္ဓဘာသာအသင်းနာယက ဆရာတော်ကြီးနှင့် သာသနာရေးဆိုင်ရာ ဝန်ကြီး၊ ရဟန်း၊ သီလရှင်များ၊ မြန်မာသံရုံးမှ မိသားစုများက ချမ်းအေးလှသည့်ဥတုကိုအန်တုလျက် ကြည်ညိုသဒ္ဓါပွား ကြိုဆိုခဲ့ကြသည်။ ယခုအခါ လင်ကွမ်းစံကျောင်းတော်တွင် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်ကိန်းဝပ်သီတင်းသုံးစံပယ်လျက်ရှိပါသည်။

မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်တို့မှာ ၄၈ ရက်တာအတွင်း ကြီးမားစွာရိုက်ခတ်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်အား သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဒေသစာရီကြွလာသည့်အလား မြန်မာပြည်သူတို့ အလေးထားပူဇော်ကြသည်။ လူဦးရေ သန်း ၆၀ ခန့်အနက် သန်း ၃၀ ကျော် လာရောက်ဖူးမြော်ကြသည်။ ဗုဒ္ဓါနုဿတိပွားကြသည်။ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် လူတစ်သိန်းနီးပါးခန့် ဖူးမြော်ကြည်ညိုခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ဒါနအရာတွင်လည်း ၄၈ ရက်တာအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၂၄ သန်းနှင့်ညီမျှသော မြန်မာငွေကျပ် သန်း ၃၀၀၀ ကျော်နှင့် ရွှေငွေရတနာ၊ လက်ဝတ်တန်ဆာမျိုးစုံကို ရက်ရောစွာ လှူဒါန်းခဲ့ကြသည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ၁၆ ရက်တာစီ အပူဇော်ခံခဲ့ရာ မြန်မာပြည်သူတို့သည် တစ်ဦးလျှင် ငါးစက္ကန့်မျှ အလှည့်ကျပူဇော်နိုင်ရေး ငါးနာရီကြာမျှ ကုသိုလ်ဇွဲစိတ်သန်သန်ဖြင့် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်တို့ပိုင်ဆိုင်သော ဗုဒ္ဓမြတ်စွယ်တော်အဖြစ် အလေးထားကာ လုံခြုံရေးရှုထောင့်မှ ညဘက်တွင် ခေတ္တပိတ်ခဲ့ရသော်လည်း တစ်ညလုံး အားခဲစောင့်ဆိုင်းနေသူများ၏ ကုသိုလ်စိတ်၊ ကြည်ညိုစိတ်မှာ အံ့မခန်းရှိလှပါသည်။ ယူနန်ပြည်နယ် ယဉ်ကျေးမှုဌာနမှ ထုတ်ဝေသော မင်္ဂလာစာစောင်တွင် တရုတ်နိုင်ငံမှ သတင်းထောက်တို့က ဖော်ပြထားသည်မှာ "ဘုရားဖူးပြည်သူတို့သည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနေကြသည့် မျက်နှာအရိပ်အကဲတို့တွင် ဖူးမြော်၍မဝနိုင်၊ မရောင့်ရဲနိုင်သော အရိပ်အယောင်များ ကိုယ်စီတွေ့မြင်နေကြရသည်" ဟု ပါရှိသည်။

မြန်မာတို့၏ ကုသိုလ်စိတ် မည်မျှထက်သန်သည်ကို ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ပြည်သူတစ်သိန်းခန့် လာရောက်ကြည်ညိုကြပြီး တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခန့် လှူဒါန်းနိုင်ခဲ့သည်ဟု စာရင်းမှတ်တမ်းများအရ ဆိုနိုင်ပါသည်။

ထူးခြားသော ကုသိုလ်စိတ်ပိုင်ရှင်တစ်ဦး၏ သတင်းစကားကိုလည်း မုဒိတာပွားရပါသည်။ စွယ်တော်တိုက်တရုတ်ဆရာတော် သဒ္ဓမ္မဇောတိက Shi Chang Zang ကြီးမှ လင်ကွမ်းရုပ်ပွားတော်ကို ကျောက်စိမ်းတုံးနှင့် ထုလုပ်ကိုးကွယ်လို၍ ကျောက်ကုန်သည်များထံ လိုက်လံကြည့်ရှုစုံစမ်းခဲ့ရာ သဒ္ဓါထက်သန်သူ ဇောတိကကျောက်ကုန်သည်တစ်ဦးက ဒေါ်လာနှစ်သန်းတန် ကျောက်စိမ်းတုံးကို သဒ္ဓါထက်သန်စွာ ပေးလှူခဲ့ခြင်းပင်ဖြစ်ပါသည်။ မြန်မာတို့၏ သဒ္ဓါလှိုင်းဂယက်မှာ တရုတ်ပြည်သူများအကြား သာဓုအကြိမ်ကြိမ် ခေါ်ဆိုရသည်အထိ ရိုက်ခတ်ခဲ့ကြောင်း ကြားသိရပါသည်။

ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့ မဟာအတုလဝေယံကျောင်းတော်ကြီးမှ တံတားဦးလေဆိပ်သို့ ပင့်ဆောင်ရာလမ်းတစ်လျှောက် ပြည်သူတို့၏ ဝပ်တွားပူဇော်ကြသည့် ဘာသာတရားကိုင်းရှိုင်းမှုများကိုလည်း တရုတ်ဘုန်းတော်ကြီးများ၊ သာသနာရေးဗျူရိုမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တဖွဖွချီးကျူးထောမနာပြုကြသည်။

ပေကျင်းလေဆိပ်တွင် တရုတ်ဗုဒ္ဓဘာသာအသင်း နာယကဆရာတော်ကြီး Master Chan Yin၊ သာသနာရေးဝန်ကြီး Mr. Wang Zuoan၊ တရုတ်ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများ၊ မြန်မာသံရုံးမှမိသားစုများက ချမ်းအေးလှသည့်ဥတုကိုအန်တု၍ ကုသိုလ်စိတ် သဒ္ဓါထက်သန်စွာဖြင့် ကြိုဆိုခဲ့ကြသည်။ ပေကျင်းလေဆိပ်ဧည့်ခန်းမတွင် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို တရုတ်-မြန်မာ နှစ်နိုင်ငံ သာသနာရေးဝန်ကြီးများ လက်မှတ်ရေးထိုး စနစ်တကျ လွှဲပြောင်းပေးခဲ့ကြသည်။

တရုတ်နိုင်ငံ သံဃနာယကဆရာတော်ကြီး Chan Yin သည် မြန်မာပြည်သူတို့၏ သဒ္ဓါတရားနှင့် ဘာသာတရား ကိုင်းရှိုင်းမှုများကို အထူးထုတ်ဖော်ချီးကျူးခဲ့သည်။ စွယ်တော်တိုက်ဆရာတော်နှင့် လေ့ယန်ဆရာတော်တို့ကလည်း မြန်မာနိုင်ငံတော်အစိုးရနှင့် ရဟန်းပြည်သူတို့ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ထွန်းကားပြန့်ပွားအောင် သဒ္ဓါတူညီစွာ ကြိုးပမ်းနေကြပုံများကို ၎င်းတို့၏ တပည့်သံဃာများအား ဖောက်သည်ချ ရှင်းပြကြသည်။ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Du Qingling ကလည်း မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ သဒ္ဓါတရားထက်သန်မှုကို အံ့မခန်းဖြစ်ရကြောင်း၊ မြန်မာပြည်သို့ ဗုဒ္ဓမြတ်စွယ်တော် လေးကြိမ်တိုင်တိုင် ကြွချီသည်မှာ ရှေးရေစက်တို့ကြောင့်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

တရုတ်နှင့် မြန်မာတို့အကြားတွင် ဗုဒ္ဓမြတ်စွယ်တော်ကို အကြောင်းပြု၍ အပြန်အလှန်ချစ်ကြည်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးအနက် ဖော်ညွှန်းပြဆိုခဲ့ခြင်းဖြစ်ပါသည်။ စင်စစ်အားဖြင့် မြန်မာတို့၏ ထက်သန်သော လှိုင်းဂယက်သဒ္ဓါတရားတို့က ကမ္ဘာကို လွှမ်းခြုံရိုက်ခတ်ခဲ့ပြီဖြစ်ပါသည်။ "ကုသိုလ်စိတ် ဖြစ်ရုံမျှနှင့်ပင် အကျိုးကြီးမားလှ၏" ဟု မြတ်စွာဘုရားရှင်၏ အဆိုအမိန့်အတိုင်း နိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူပြည်သူတို့၏ သဒ္ဓါလှိုင်းနှင့် ပြည့်နှက်နေသော ကုသိုလ်စိတ်တို့၏ အကျိုးပေးကို ပြည်သူတိုင်း မျှဝေခံစားနိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုအပ်ပါသည်။ ။

ဒုတိယဝန်ကြီးဦးကျော်လွင် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်အမှတ်(၄၇/၄)အနီး၌ ဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော တံတားအမှတ် (၁/၄၈) ဝွေးပင်တံတား ကွန်ကရစ်ရေတွင်းခွေ အုတ်မြစ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စဉ့်ကူမြို့နယ်အင်ဂျင်နီယာရုံး၌ မန္တလေး-မိုးကုတ်လမ်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများမှ တာဝန်ခံများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မန္တလေး-မိုးကုတ်လမ်း မိုင်တိုင်အမှတ်(၈၃/၀)အနီးရှိ တံတားအမှတ် (၁၀/၁၇) တည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၁၁၅/၆)အနီး၌ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မိုးကုတ်-မိုးမိတ်လမ်း မိုင်တိုင်အမှတ်(၁/၇)၌ ကတ္တရာခင်းနေမှုနှင့် မိုင်တိုင်အမှတ် (၄/၁)နှင့်(၄/၂) အကြား၌ စက်ယန္တရားများဖြင့် လမ်းသားချဲ့ထွင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၁၁

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုံ့ကျော် (ငြိမ်း)က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲ၊ မြေနေရာနှင့် ငွေလှူဒါန်းသူများကို ဂုဏ်ပြုပွဲ၊ တက္ကသိုလ်ကျောင်းသား ၂၀ ဦးအား ပညာသင်ဆုချီးမြှင့်ပွဲ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ၁၇ ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ သီရိသုဓမ္မဇောတရေဘွဲ့ရ ဦးမြင့်စိုး၊ (၁၁၅)ကြိမ်မြောက် သွေးအလှူရှင် ဦးကျော်ဝေ၊ ပါရဂူဘွဲ့ရ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာခင်စိုးဦး၊ ဒေါက်တာနီနီရှိန်၊ ဒေါက်တာနန္ဒာဝင့်၊ ဒေါက်တာထက်ထက်စုလှိုင်၊ ပခုက္ကူစာပေဆုရမောင်ခြိမ့်၊ အဆိုအကအရေးအတီးပြိုင်ပွဲရွှေတံဆိပ်ဆုရ မအိအိမွန်၊ မခင်မြင့်မြတ်မောင်၊ မခင်ပြည့်စုံအောင်၊ မခင်စိုးပန်းချီတို့အား ဂုဏ်ပြုပွဲများကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာရင်းကိုင်(၃)ရာထူးအတွက် ရေးဖြေစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ခေါ်ယူထားသည့် စာရင်းကိုင်(၃) ရာထူး (လစာနှုန်း ၅၃၀၀၀-၁၀၀၀-၅၈၀၀၀)အတွက် ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ရေးဖြေစာမေးပွဲတွင် စာရင်းကိုင်ပညာနှင့် အထွေထွေဗဟုသုတ ၃ နာရီ မေးခွန်းလွှာကို ရေးဖြေ ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုခွင့်ကတ်ထုတ်ယူ

ဖြေဆိုခွင့်ရရှိသူများသည် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်သတင်းပို့၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် ဖြေဆိုခွင့်ကတ် ထုတ်ယူရမည် ဖြစ်သည်။

ဖြေဆိုခွင့်ကတ် ထုတ်ယူသူများကိုသာ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူကိုသာ လူတွေ့ထပ်မံစစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်သည်။ (လူတွေ့စစ်ဆေးမည့် နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ဆက်သွယ်မေးမြန်းနိုင်

ရေးဖြေစာမေးပွဲ ဖြေဆိုခွင့် ရ မရနှင့် အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်) ဖုန်း-၀၁-၂၀၀၈၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထန်းတပင်မြို့နယ်၌ ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲဘောလုံး ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသော တူးချောင်းကျေးရွာအသင်းအား ဂုဏ်ပြုဆုဖလားကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးက ချီးမြှင့်ပြီး ကျန်ဆုများကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းဇော်ဦးက ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၀၄၈)**

သဝဏ်လွှာ ဖတ်ကြား

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဦးကျော်ဇေယျသည် ဇန်နဝါရီ ၄ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂)၌ ကိုက် ၁၅၀ အကွာမှ Titleist Pro V 1 No(2) ဘောလုံးကို Taylor Made P.W တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးသောင်းကြိုင်၊ ဦးဝင်းဇော်၊ ဦးလှမြင့်တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မုံရွေး-ကြေးမုံ အထက်တန်းကျောင်း ဒသမအကြိမ်အာစရိယ ပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

အလှူငွေများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ကိုထွန်းတင့်ဝင်း ဖုန်း-၀၉-၇၃၀၆၁၆၄၅၊ ကိုကျော်မျိုးသန့် ဖုန်း-၀၉-၅၁၁၉၆၁၁ နှင့် ကိုဇော်လွင်မောင် ဖုန်း-၀၉-၅၁၁၉၆၂၂၊ နေပြည်တော်တွင် ရန်ကြီးအောင် ဖုန်း-၀၉-၄၉၂၈၈၆၄၃၊ ကြေးမုံကျေးရွာတွင် ဒေါ်စန်းညွန့်ရီ ဖုန်း-၀၇၁-၆၀၁၁၇၊ ကိုဇေယျ ဖုန်း-၀၇၁-၆၀၀၇၀၊ ကိုဝင်းမြင့်(ဂန္ထဝင်ပျိုးခင်း) ဖုန်း-၀၇၁-၆၀၁၄၇ နှင့် မုံရွေး-ကြေးမုံအထက ဖုန်း-၀၇၁-၆၀၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၁

ရမည်းသင်းမြို့နယ်၌ ပညာအားမာန်စာကြည့်တိုက်ဖွင့်

ရမည်းသင်းမြို့နယ် ရွှေဒါးဝွေးကုန်းအုပ်စု ဆည်တွင်းကျေးရွာ၌ ပညာအားမာန်စာကြည့်တိုက် ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် စာကြည့်တိုက်အကျိုးတော်ဆောင် ဦးသိန်းဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လှူဒါန်းရရှိ

အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၃ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး အုတ်နံကပ်တစ်ထပ်ဖြစ်သည်။ ကုန်ကျငွေကျပ် ၂၆၅၀၀၀၀ ဖြစ်ပြီး စာအုပ် စာစောင်မျိုးစုံ အုပ်ရေ ၇၁၀ နှင့် ငွေ ပဒေသာပင်ငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရရှိကြောင်း သိရှိရသည်။ **(၄၀၆)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်အုတ်မြစ်ချပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်သည့် စာကြည့်တိုက်အုတ်မြစ်ချပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်ရိုက်ပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော် မတည်ငွေကျပ် ၁၀ သိန်းအနက် ပထမအရစ် ငွေကျပ်ငါးသိန်းကို လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် ဆွေးနွေးပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသောစာအုပ်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရှိန်က ဘန်းကချွန်ကျေးရွာအုပ်စု (၁၄)မိုင်ကျေးရွာသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန၊ ရေယာဉ်နှင့် ပို့ဆောင်ရေးဌာနစိတ်နှင့် ပင်မစက်ပြင်အလုပ်ရုံ (သစ်စက်)အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၁၂) သင်တန်းဆင်းပွဲ၊ ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက်ရှိ အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးညွန့်ဦးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ရဲဗလ ဦးသောင်းထိုက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ပြီး ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်နှင့် အဖွဲ့က သင်တန်းဆင်းများနှင့် ပူးတွဲ၍ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၀၄၂)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်အား တွေ့ဆုံ

တွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့ ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်အား ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်သည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပြင်းထန်သော နာဂစ်မုန်တိုင်းကျရောက်ခံစားရစဉ်နှင့် ၂၀၁၁ ခုနှစ်တွင် တာချီလိတ်နှင့် တာလေဒေသတို့၌ ငလျင်ဒဏ်ခံခဲ့ရစဉ်က ထိုင်းနိုင်ငံ ပြည်သူများနှင့် တပ်မတော်တို့၏ အကူအညီပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အောင်မြင်မှုများရရှိနေပြီး ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးရန်သာ ကျန်ရှိပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ၊ အမြန်လမ်းမဖောက်လုပ်ရေးလုပ်ငန်းများနှင့် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းများကို အမြန်ပြီးစီးရန် ကူညီဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် စက်မှုဇုန်များ ဖော်ထုတ်ရန် စီစဉ်လျက်ရှိရာ ထိုင်းနိုင်ငံမှ စက်ရုံ၊ အလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံဖွင့်လှစ်စေရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အစိုးရသစ်အနေဖြင့် ဖြေလျှော့မှုများစွာဖြင့် ဒီမိုကရေစီစနစ်အောင်မြင်အောင် ဖော်ဆောင်လျက်ရှိပါကြောင်း၊ နောက်ကြောင်းပြန်လှည့်ရန်မရှိပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အထူးဝမ်းမြောက်

ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှစ်နိုင်ငံနယ်စပ်တံတားကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့်အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြောင်းလဲဖော်ဆောင်ကျင့်သုံးနေမှုကိုလည်း ယုံကြည်ပါကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက ထိုင်းနိုင်ငံနေရာအများအပြား၌ ရေကြီးမှုများကြုံတွေ့ခဲ့ရစဉ်က သောက်ရေ၊ ဆေးဝါး၊ စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီခဲ့မှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း အမြန်ဖြစ်မြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံပြည်သူများနှင့် တပ်မတော်များ အပြန်အလှန်ရင်းနှီးကူညီနေကြ၍ အထူးဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Tanasak Patimapragorn နှင့် ထိုင်းတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အာကာသသိပ္ပံ** မိုးမြင့်လင်းလက် – ရေးသားသည်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖိုဘော့စ်ဂရန့် အိန္ဒိယသမုဒ္ဒရာအတွင်း ကျဆင်းမည်



မော်စကို ဇန်နဝါရီ ၁၁

ရုရှားနိုင်ငံမှ လွှတ်တင်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖိုဘော့စ်ဂရန့် **(အပေါ်ပုံ)** သည် လာမည့် ဇန်နဝါရီ ၁၅ ရက်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း ကျဆင်းမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီမှ ဇန်နဝါရီ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

အင်္ဂါဂြိုဟ် လေ့လာရေးယာဉ် ဖိုဘော့စ်ဂရန့်သည် ကမ္ဘာ့လေထုအတွင်းသို့ ဇန်နဝါရီ ၁၅ ရက်တွင် ရောက်ရှိပြီး ယင်းနေ့ မော်စကိုစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၈ မိနစ်၌ ကျဆင်းမည်ဟု ၎င်းအေဂျင်စီမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ထိုသို့ ဖိုဘော့စ်ဂရန့် အာကာသယာဉ်သည် အစိတ်အပိုင်းများအဖြစ် ကျဆင်းရာတွင် အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီနှင့် *စာမျက်နှာ ၈ ကော်လံ ၄* ●

ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာပုံးပေါက်ကွဲမှု၌ ပုံးယူဆောင်လာသည့် KNU အဖွဲ့မှဟု ယူဆရသူတစ်ဦး အပါအဝင်

နှစ်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရရှိ၊ ဒဏ်ရာရလူနာများအား သံဖြူဇရပ်ဆေးရုံနှင့် မော်လမြိုင်ဆေးရုံတို့သို့ ပို့ဆောင်၍ ဂရုတစိုက်ကုသပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာဘုရားပွဲ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုနှင့်ပတ်သက်၍ ကနဦးရရှိသော သတင်းအား ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထပ်မံရရှိသောသတင်းဆက်များအရ အဆိုပါ အနန်းကွင်းကျေးရွာ ဘုရားပွဲတော်၌ စိုးကိုကို၊ ဝင်းကိုကို ဇာတ်ပွဲကပြမည့်ဇာတ်ရုံအနီး ပွဲခင်းဈေးတန်းတွင် ဇန်နဝါရီ ၇ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က KNUအဖွဲ့မှဟု ယူဆရသော လူတစ်ဦးက ဈေးဝယ်ရန် လွယ်အိတ်ထဲသို့ ပိုက်ဆံနှိုက်ယူရာမှ ပုံးတစ်လုံးပြုတ်ကျပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပုံးယူဆောင်လာသူမှာလည်း ပေါက်ကွဲမှုကြောင့် မျက်နှာနှင့် ခန္ဓာကိုယ်တို့တွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း၊ ထို့အပြင် အနန်းကွင်းကျေးရွာမှ ပွဲဈေးရောင်းနေသူ မချိုချိုမြင့် ပုံးစထိမှန်သေဆုံးပြီး အနန်းကွင်းကျေးရွာနေ မနုနုခိုင် (၂၀)နှစ်၊ မစန်းငွေ (၃၁)နှစ်၊ မောင်ကျော်ကလဲ့နော် (၁၂)နှစ်၊ မောင်ကျော်ကလဲ့ချေ (၁၀)နှစ်၊ မောင်မျိုးဝင်း (၂၂)နှစ်၊ မစန်းစန်းထွေး (၃၅)နှစ်၊ တည်ဉင်ကျေးရွာနေ နော်ဖော်တီးချေ (၁၈)နှစ်၊ နော်ဖော်လအဲ့ (၁၂)နှစ်၊ နော်သုလုဝါး (၁၇)နှစ်၊ ကျောက်ဘီလူးကျေးရွာနေ နော်ဖော်ပလဲ့ (၁၉)နှစ်နှင့် သံပုရာကျေးရွာနေ နော်မူယယ်စဲ (၁၄)နှစ်တို့ ၁၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် သံဖြူဇရပ်ဆေးရုံ၌ ငါးဦး၊ မော်လမြိုင်ဆေးရုံ၌ ခြောက်ဦး တက်ရောက်ကုသလျက်ရှိကြောင်း သိရှိရသည်။

ပုံးယူဆောင်လာသူမှာ KNU အဖွဲ့မှဟု ယူဆရကြောင်း၊ ၎င်းမှာ ပုံးပေါက်ကွဲမှုကြောင့် မျက်နှာပွင့်ထွက်ဒဏ်ရာများရရှိပြီး သေဆုံးသွားသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က အသေးစိတ် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူတို့က ဆေးရုံနှင့်ညှိနှိုင်း၍ လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၁ နာရီ ၁၁ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်(၁၀၁၁)မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း) ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**